မြန်မာ့အသွင်ကူးပြောင်းမှုတွင် အခရာကျသော လယ်ယာမြေ

မြန်မာနိုင်ငံတွင် လယ်ယာမြေအခွင့်အလမ်းအတွက် ရုန်းကန်ကြိုးစားရမှုသည် နိုင်ငံ၏ ဆယ်စုနှစ်ခြောက်ခုကြာ လက်နက်ကိုင်ပဋိပက္ခကို ပုံဖော်ပြသနေသော လက္ခဏာရပ်တစ်ခုဖြစ်သည်။

အတိတ်ကဆိုလျှင် အစိုးရက လယ်ယာမြေများကို သိမ်းယူခဲ့ကြသည်။ ရည်ရွယ်ချက်မှာ သဘာဝသယံဇာတများ ထုတ်ယူရန်၊ စီးပွားဖြစ်လယ်ယာလုပ်ငန်းလုပ်ကိုင်ရန်၊ နေပြည်တော်မြို့တော်သစ် တည်ဆောက်ခြင်းကဲ့သို့သော ရည်မှန်းချက်တစ်ခုပါသည့် အခြေခံအဆောက်အအုံတည်ဆောက်ရန် စသည်တို့ဖြစ်သည်။ မျက်မှောက်ခေတ် ရောက်သောအခါ လယ်ယာမြေသိမ်းဆည်းခံရမှုဆိုင်ရာ တရားမမျှတမှုများအတွက် ပြန်လည်တောင်းဆိုလာကြရာ ၎င်းသည် အများပြည်သူကြား ပြောဆိုဆွေးနွေးအငြင်းအခုံအဖြစ်ရဆုံးခေါင်းစဉ်ဖြစ်သလို အစိုးရသစ်၏ ဖြေရှင်း ဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များတွင်လည်း အဓိကအကြောင်းအရာတစ်ခုဖြစ်နေသည်။ တခြားတစ်ဖက်တွင် မြေယာစီမံခန့်ခွဲအုပ်ချုပ်မှုနှင့် အိမ်ခြံမြေဈေးကွက်ဆိုင်ရာ အခြေခံအဆောက်အအုံနှင့် အင်စတီကျူးရှင်းများမှာ အလွန်အမင်း ခေတ်နောက်ကျကျန်ရစ်ပြီး အားပျော့လွန်းလှသည်။

ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးကောင်းမွန်လာမှုတို့နှင့်အတူ မြေယာလိုအပ်ချက် တစ်စတစ်စ တိုးတက်များပြား လာသည်နှင့်အမျှ မြေယာပိုင်ဆိုင်မှု၊ အာမခံချက်ရှိမှုနှင့် အသုံးချနိုင်မှုဆိုင်ရာ ကိစ္စရပ်များ သည်လည်း လူထုစိတ်ဝင်စားအခံရဆုံးနေရာကို ဆက်လက်ရယူထားနိုင်ခြေ ရှိပါသည်။ မြေယာပိုင်ဆိုင်ကြောင်း ကြေညာမှုဆိုင်ရာ သဘောတူညီမှုရရှိခြင်း၊ မြေယာအငှားချလုပ်ကိုင်ခွင့်ပေးသည့် စနစ်ကောင်းတစ်ရပ် တည်ဆောက်ခြင်းနှင့် မြေယာဈေးကွက်တို့မှာ တိုင်းပြည်၏အနာဂတ်နှင့်ပတ်သက်လျှင် အောက်ပါကဏ္ဍနယ်ပယ် များအတွက် ဆက်စပ်အရေးပါနေမည်ဖြစ်သည်။

• လူမှုသဟဇာတဖြစ်မှုနှင့် တည်ငြိမ်မှု - လယ်ယာမြေရရှိအသုံးချနိုင်ခွင့်သည် ပြန်လည်ရင်ကြားစေ့ရေး အတွက် အရေးပါလိမ့်မည်ဖြစ်သည်။ လွှတ်တော်ကော်မတီအသီးသီးအနေဖြင့် လယ်ယာမြေအငြင်းပွားမှု တိုင်ကြားစာပေါင်း ၈,၀၀၀ ကျော်ကိုလက်ခံရရှိထားရာ အတိတ်ကလယ်ယာမြေသိမ်းယူမှုများကို ပြန်လည်ဖြေရှင်းပေးရန် တောင်းဆိုအသနားခံထားခြင်းဖြစ်သည်။ ထိုတိုင်ကြားအသနားခံမှုများကို ဖြေရှင်းပေးရာတွင် စိန်ခေါ်မှုသည် နည်းစနစ်ပိုင်းအရ၊ လူမှုရေးအရ၊ နိုင်ငံရေးအရ ကြီးမားပြီးလျှင်၊ ရရှိခဲ့သည့်အတွေ့အကြုံများအရပြောရလျှင် ဆယ်စုနှစ်နှင့်ချီပြီးကြာမြင့်နိုင်သည်။ သာဓကအားဖြင့် အရှေ့ ဥရောပနိုင်ငံအများအပြားတွင် ဆိုရှယ်လစ်စနစ်ပြီးဆုံးသွားသည်မှာ ၂၅ နှစ်ကျော်ပြီ ဖြစ်သော်လည်း သိမ်းဆည်းလယ်ယာမြေပြန်လည်စွန့်လွှတ်ခြင်း သို့မဟုတ် လျော်ကြေးပေးခြင်းပြဿနာ၌ မပြီးပြတ်သေးသောကိစ္စများရှိနေသေးသည်။

• ဆင်းရဲနွမ်းပါးမှုလျော့ချခြင်း - မြန်မာနိုင်ငံတွင် လူအများစုမှာ ကျေးလက်နေပြည်သူများဖြစ်သည်။ ကျေးလက်ဒေသများတွင် နိုင်ငံ၏ဆင်းရဲသား ၇၁ ရာခိုင်နှုန်းနေထိုင်ကြပြီး ၎င်းတို့မှာ တစ်ပိုင်တစ်နိုင် အသေးစားစိုက်ပျိုးရေးဖြင့် အသက်မွေးနေကြရသူများဖြစ်သည်။ ၎င်းတို့အတွက် လယ်ယာမြေဆိုသည်မှာ ဝင်ငွေရင်းမြစ်၊ ၎င်းတို့၏အမှတ်အသားသရုပ်တို့အတွက်သော်လည်းကောင်း၊ ၎င်းတို့၏လူမှုဘဝလုံခြုံမှုအတွက်သော်လည်းကောင်း အခြေခံပင်ဖြစ်သည်။ လယ်ယာမြေပိုင်ဆိုင်ခွင့် စိတ်ချရမှု၊ ခွင့်ပြုထားသည့်အသုံးပြုပုံများ၏ရှင်းလင်းမှု၊ လယ်ယာမြေပေါ်တွင်မျှတစွာ လုပ်ကိုင်နိုင်စွမ်း တို့မှာ ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် အာမခံချက်ပေးမည်ဖြစ်သလို ၎င်းတို့ပိုင်သည့် လယ်ယာမြေပစ္စည်းများပေါ် ရင်းနှီးမြှုပ်နှံမှုကိုလည်း အားပေးမည်ဖြစ်သည်။

• စီးပွားရေးတိုးတက်မှု - မြန်မာနိုင်ငံသည် ဒေသတွင်း လူဦးရေသိပ်သည်းဆအနည်းဆုံး နိုင်ငံတစ်ခုဖြစ် သော်လည်း မြေဆီသြဇာကောင်းမွန်သည့် မြေကြီးများရှိနေပြီး လယ်ယာစိုက်ပျိုးရေးမှကုန်ထုတ်လုပ်မှု၊ အထွက်နှုန်းနှင့် အမြတ်အစွန်းများ ယခုထက်တိုးမြင့်ရရှိနိုင်မည့်အခွင့်အလမ်းကြီးလည်း ရှိနေပါသည်။ ထို့ပြင် တရုတ်နှင့်အိန္ဒိယနှစ်နိုင်ငံဆုံမှတ်ရှိ ကုန်သွယ်ရေးဗဟိုချက်တွင်ရှိနေခြင်းဆိုသည့် နိုင်ငံ၏ မဟာဗျူဟာမြောက်တည်နေရာကို ကောင်းစွာအသုံးချရန်အတွက်လည်း ရည်ရွယ်ထားပြန်သည်။ မြန်မာနိုင်ငံ သည် ငြိမ်းချမ်းရေး၏အသီးအပွင့်ကိုပင် ရရှိနေပြီးဖြစ်ကာ ၂၀၁၅ ခုနှစ်တွင် နှစ်စဉ်တိုးတက်မှုနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၀၁၆ ခုနှစ်တွင် ၇ ရာခိုင်နှုန်းအထိ အသီးသီးအမြင့်ဆုံးဖြစ်ခဲ့သည်။ သို့သော်လည်း ခေတ်မမီတော့သည့် လယ်ယာမြေမှတ်တမ်းမှတ်ရာများ၊ မြေပုံများ၊ လုပ်ငန်းစဉ်များနှင့် အတူ လယ်ယာမြေပိုင်ဆိုင်ခွင့်နှင့် အသုံးချခွင့်တွင် မသေချာမရေရာမှုများကြောင့် ရင်းနှီးမြှုပ်နှံမည့်သူများ အနေဖြင့် စိတ်ဝင်စားမှုလျော့ကျကာ အနာဂတ်တွင် ပေါ်ပေါက်လာဖွယ်ရှိသည့် မခိုင်မာမှုများအတွက် လည်း စိုးရိမ်ကြသည်။ ၂၀၁၄ ခုနှစ်က ထုတ်ဝေခဲ့သည့် ကမ္ဘာ့ဘဏ်၏ Investment Climate Assessment တွင်လည်း ငွေကြေး အထောက်အပံ့နှင့် လျှပ်စစ်မီးရရှိမှုတို့ပြီးလျှင် လယ်ယာမြေပိုင်ဆိုင်လုပ်ကိုင်ခွင့်သည် မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမည့် သူများအတွက် တတိယမြောက်အကြီးဆုံးအတားအဆီးဖြစ်သည်ဟု ဖော်ပြခဲ့သည်။

• နည်းမှန်လမ်းမှန် မြို့ပြဖွံ့ဖြိုးမှု - လူဦးရေအရရော၊ စီးပွားရေးအရရောကြည့်လျှင် မြန်မာနိုင်ငံသည် ကျေးလက်ဆန်သောနိုင်ငံအဖြစ်မှာပင် ရှိနေသေးသော်လည်း ၎င်းသည် လျင်မြန်စွာနှင့်ပြောင်းလဲလျက် ရှိသည်။ ခေတ်မမီတော့သည့် လယ်ယာမြေမှတ်တမ်းမှတ်ရာများနှင့် အစီအမံများ၊ ခွင့်ပြုမိန့်များ၊ အိမ်ခြံမြေအခွန်များကိုကြည့်လျှင် ဖွံ့ဖြိုးအားကောင်းရန်တာစူနေသည့် မြို့ပြနေလူတန်းစားများနှင့်တကွ အိမ်ရာများ၊ ရုံးခန်းများ၊ ပန်းခြံများနှင့် ခေတ်မီလှပသာယာသည့် မြို့ကြီးပြကြီးများအတွက် အခြားသော လိုအပ်ချက်များ မြင့်မားလာမှုတို့ကို ဖြေရှင်းပေးနိုင်မည့်အဆင့်သို့

မရောက်သေးပါ။ ကောင်းစွာလည်ပတ် နေပြီး ပွင့်လင်းမြင်သာသည့် မြေယာအုပ်ချုပ်ရေးနှင့် ဈေးကွက်များမရှိပါက မြို့ပြဖွံ့ဖြိုးမှုသည် ပုံစံတကျ မဟုတ်ဘဲ ပရမ်းပတာဖြစ်ကာ စီးပွားရေးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ကိုလည်း ဖျက်ဆီးသည့်အရာ ဖြစ်လာလိမ့်မည်ဖြစ်သည်။

အားတက်စရာမှာ နှစ်သမကဂ်ိရှည်ကြာစွာဖြစ်လာခဲ့သည့် လယ်ယာမြေအငြင်းပွားမှုဆိုင်ရာပြဿနာများကိုကို ဖြေရှင်းပေးပြီးလျှင် အစီအမံကောင်းသည့် မြေယာအုပ်ချုပ်ရေးစနစ်ပေါ်ပေါက်လာစေမည့် လမ်းကြောင်းချမှတ်ခြင်း တို့ကို အစိုးရဘက်က လျင်လျင်မြန်မြန် လုပ်ဆောင်နေခြင်းဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းများနှင့် အထိုင်ချဆွေးနွေးပွဲများပြုလုပ်ပြီး နှစ်နှစ်အကြာ ၂၀၁၆ ခုနှစ် အစောပိုင်းတွင် မြန်မာနိုင်ငံသည် အမျိုးသားမြေယာအသုံးချမှုမူဝါဒကို ချမှတ်နိုင်ခဲ့သည်။ ထိုမူဝါဒတွင် မြေယာလုပ်ပိုင်ခွင့်၊ အသုံးပြုမှုနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ လမ်းညွှန်မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းနှင့် အင်စတီကျူးရှင်းမူဘောင်များကို သေချာရှင်းလင်းတင်ပြထားသည်။ ပထမပြဋ္ဌာန်းခဲ့သည့် ဥပဒေများကိုပြင်ဆင်ရေးစတင်နေပြီဖြစ်သည်။ အစိုးရအနေဖြင့် ‘သိမ်းဆည်းခံလယ်ယာမြေနှင့်အခြားမြေများဆိုင်ရာဗဟိုကော်မတီ’ကိုလည်း ဖွဲ့စည်းထားပြီး ဖြစ်ကာ အမှုအခင်းအတော်များများကိုလည်း ဖြေရှင်းပေးခဲ့ပြီးဖြစ်သည်။

လာမည့်ဆောင်းပါးတွင် အစိုးရ၏အဓိကစီမံကိန်းများနှင့် ကိုယ်ထူကိုယ်ထဆောင်ရွက်ချက်အချို့ကို ရွေးချယ် ကောက်နုတ်တင်ပြမည်ဖြစ်ပြီး ယခုဖော်ပြခဲ့သည့် ပြင်းထန်သည့်စိန်ခေါ်မှုများကို ၎င်းတို့မည်သို့ဖြေရှင်းကြောင်း ဆွေးနွေးမည်ဖြစ်သည်။